**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

**ငါးလုပ်ငန်းဦးစီးဌာန**

**(ငါး/ပုစွန်ပြုပြင်ထုတ်လုပ်မှုစက်ရုံများတွင် GMP/ HACCP Food Safety System ကျင့်သုံးရန်ကိစ္စ ညွှန်ကြားခြင်း)**

**ညွှန်ကြားချက်အမှတ်- ၄/၂၀၀၉**

**၁၃၇၀ ပြည့်နှစ်၊ တန်ခူးလဆုတ် (၁၃) ရက်**

**၂၀၀၉ ခုနှစ်၊ ဧပြီလ (၂၂) ရက်။**

အကြောင်းအရာ။ ။ ငါး/ ပုစွန်ပြုပြင်ထုတ်လုပ်မှုစက်ရုံများတွင် GMP/ HACCP Food Safety System ကျင့်သုံးရန်ကိစ္စ။

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြား ချက်ကို ထုတ်ပြန်လိုက်သည်။

၂။ အာဆီယံစီးပွားရေးအသိုက်အဝန်းတည်ထောင်ရာ၌ ဦးစားပေးပေါင်းစည်းမှုအရ ငါး/ပုစွန်ရေထွက်ပစ္စည်းထုတ်လုပ်မှုများတွင် အန္တရာယ်ကင်းစွာ ထုတ်လုပ်နိုင်ရေးအတွက် GMP/HACCP စနစ်အား ငါး/ပုစွန်ပြုပြင်ထုတ်လုပ်မှု စက်ရုံများအနေဖြင့် လိုက်နာကျင့်သုံးရန် ညွှန်ကြားလိုက်သည်။

(ခင်မောင်အေး)

ညွှန်ကြားရေးမှူးချုပ်